နိုင်ငံခြားသားများအတွက်

# Yucho Tetsuzuki App

# အသုံးပြုသူလမ်းညွှန်

လုပ်ဆောင်လိုသော လုပ်ငန်းစဉ်ကို ရွေးချယ်ပါ။

- အကောင့်အသစ်ဖွင့်ချင်သည်
- ကလေး၏အကောင့်ကို ဖွင့်လိုသည်
- သုံးစွဲသူ၏အချက်အလက် ပြန်လည်တင်ပြလိုသည်／နေထိုင်ခွင့်ကာလ စသည့် အချက်အလက်များကို ပြန်လည်အသစ်ပြင်ဆင်ခြင်း
- လိပ်စာနှင့် အမည်ကို ပြောင်းလဲလိုသည်
- လျှို့ဝှက်နံပါတ်ကို ပြန်လည်မှတ်ပုံတင်လိုသည်
- ဘဏ်စာအုပ်နှင့် ကတ်ကို ပြန်လည်ထုတ်လိုသည်
- အမွေခံဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတွက် လျှောက်ထားလိုသည်

ゆうちょ手続き

အကောင့်ဖွင့်ခြင်းနှင့် နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်းတို့ကို အချိန်မရွေး လွယ်ကူစွာ လုပ်ဆောင်နိုင်သော ယူးချောဘဏ်၏ တရားဝင်အက်ပလီကေးရှင်း ဖြစ်ပါသည်။

**iPhone ဗားရှင်း** **Android ဗားရှင်း**

* iPhone သည် အမေရိကန်နှင့် အခြားနိုင်ငံများတွင် မှတ်ပုံတင်ထားသော Apple Inc. ၏ ကုန်အမှတ်တံဆိပ် ဖြစ်ပါသည်။
* Android သည် Google LLC ၏ ကုန်အမှတ်တံဆိပ် ဖြစ်ပါသည်။

## မာတိကာ



**အကြံပြုလိုသည့် အချက်များ!**

- ✔ **မန်ဘာအဖြစ်စာရင်းသွင်းရန် မလိုအပ်ပါ!** အက်ပလီကေးရှင်းကို ချက်ချင်း အသုံးပြုနိုင်ပါသည်
- ✔ **ဘာသာစကားများစွာ**ဖြင့် အကောင့်ဖွင့်သည့် လျှောက်ထားမှုနှင့် နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ပါသည်
- ✔ **မေးခွန်း 1 ခု အဖြေ 1 ခု!** မေးခွန်းများကို လွယ်ကူလျင်မြန်စွာ ဖြေဆိုရုံဖြင့် လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ပါသည်
- ✔ **စမတ်ဖုန်းဖြင့် အားလုံး အပြီးအစီးလုပ်နိုင်ပါသည်!** မိမိအဆင်ပြေသည့်အချိန်တွင် အိမ်မှနေ၍ လုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ပါသည်

## Yucho Tetsuzuki App ဆိုသည်မှာ


အက်ပလီကေးရှင်း အသုံးပြုနည်း ........ စာမျက်နှာ 3


## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍


ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့်နည်းလမ်း ........ စာမျက်နှာ 4

Yucho Bankbook App / Yucho Authentication App ........ စာမျက်နှာ 5

ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း ........ စာမျက်နှာ 6
(နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်)

ပင်နံပါတ် ရိုက်ထည့်ခြင်း ........ စာမျက်နှာ 9

ဖုန်းဖြင့် အတည်ပြုခြင်း ........ စာမျက်နှာ 9


## Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ


အကောင့်ဖွင့်ခြင်း ........ စာမျက်နှာ 10

သုံးစွဲသူအချက်အလက်များ တင်ပြခြင်း ........ စာမျက်နှာ 17
ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း ........ စာမျက်နှာ 20
နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း ........ စာမျက်နှာ 22

လိပ်စာပြောင်းလဲခြင်း ........ စာမျက်နှာ 23

ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း ........ စာမျက်နှာ 27

ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း ........ စာမျက်နှာ 31


## အခက်အခဲရှိသူများအတွက်


မကြာခဏမေးလေ့ရှိသော မေးခွန်းများ ........ စာမျက်နှာ 35

စုံစမ်းမေးမြန်းရန် ........ စာမျက်နှာ 37


⚠ ဤလမ်းညွှန်စာအုပ်တွင် “နိုင်ငံခြားသား သုံးစွဲသူများ” အတွက် အသုံးပြုပုံကို ရှင်းလင်းဖော်ပြထားပါသည်။

* ဂျပန်နိုင်ငံသား သုံးစွဲသူများအတွက် သီးခြားလမ်းညွှန်စာအုပ် ရှိပါသည်။

# Yucho Tetsuzuki App ဆိုသည်မှာ

# အက်ပလီကေးရှင်း အသုံးပြုနည်း

နိုင်ငံခြားသားများအတွက်

"Yucho Tetsuzuki App" သည် ယူးချောဘဏ်မှ ပံ့ပိုးပေးထားသော တရားဝင်အက်ပလီကေးရှင်းဖြစ်ပါသည်။
အကောင့်ဖွင့်ခြင်း၊ သုံးစွဲသူ၏ အချက်အလက်များ တင်ပြခြင်း၊ လိပ်စာပြောင်းလဲခြင်း၊ ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း၊
ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း စသည်တို့ကို အချိန်မရွေး အလွယ်တကူ ပြုလုပ်နိုင်ပါသည်။

လုပ်ငန်းစဉ်ကို မေးခွန်း 1 ခုကို အဖြေ 1 ခုပေးရသည့်ပုံစံဖြင့် လွယ်ကူစွာ လုပ်ဆောင်နိုင်ပါသည်။
စခရင်၌ပေါ်လာသည့်မေးခွန်းကို ဖြေဆိုရုံမျှဖြင့် လုပ်ငန်းစဉ်ကို အလွယ်တကူ လုပ်ဆောင်နိုင်ပါသည်။

**မေးခွန်းကို အတည်ပြုခြင်း**




**အဖြေကို ရွေးချယ်ပါ!**




**မေးခွန်းကို အတည်ပြုခြင်း**




**အချက်အလက်များကို ဖြည့်သွင်းပြီး ပေးပို့ပါ!**




## ရွေးချယ်/ဖြည့်သွင်းထားသည့် အချက်အလက်များကို ပြင်ဆင်လိုပါက

ထည့်သွင်းမှု မှားယွင်းသွားပါကလည်း
"ပြန်လုပ်မည်" ကို ရွေးချယ်၍ ပြင်ဆင်နိုင်ပါသည်။




## လုပ်ငန်းစဉ်ကို ရပ်စဲလိုပါက

စခရင်အပေါ်ဆုံးရှိ "✕ လုပ်ငန်းစဉ်ကိုရပ်တန့်ပါ"ကို ရွေးချယ် ပေးပါ။ လုပ်ငန်းစဉ်ရပ်ဆိုင်းခြင်းနှင့် ပတ်သက်သည့် အချက်အလက်များ ပေါ်လာပါ မည်ဖြစ်သည့်အတွက် "ဟုတ်ကဲ့" ကို ရွေးချယ်ပါက လုပ်ငန်းစဉ် ကို ရပ်ဆိုင်းနိုင်ပါသည်။

* ယခုအထိ ထည့်သွင်းထားသော အချက်အလက်များ ပျောက်သွားမည် ဖြစ်ကြောင်း သတိပြုပါ။






# ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

# ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့်နည်းလမ်း

လုပ်ငန်းစဉ်အားလုံးအတွက် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုရန် လိုအပ်ပါသည်။
ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့် နည်းလမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| **အကောင့်ဖွင့်ခြင်း** | | ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်) |
| **သုံးစွဲသူအချက်အလက်များ တင်ပြခြင်း** (ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း) | **ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း** | အောက်ပါ ❶ မှ ❸ အနက်မှ တစ်ခုခု<br>❶ Yucho Bankbook App သို့မဟုတ် Yucho Authentication App *1<br>❷ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်ထဲမှ တစ်ခုခု)<br>❸ မွေးသက္ကရာဇ်နှင့် ပင်နံပါတ် ရိုက်ထည့်ခြင်း |
| | **နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း** | ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်) |
| **လိပ်စာပြောင်းလဲခြင်း** | | ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်)<br>+ ပင်နံပါတ် ရိုက်ထည့်ခြင်း + ဖုန်းဖြင့် အတည်ပြုခြင်း |
| **ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း** | | အောက်ပါ ❶၊ ❷ ထဲမှ တစ်ခုခု<br>❶ Yucho Bankbook App သို့မဟုတ် Yucho Authentication App *1*2<br>❷ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်ထဲမှ တစ်ခုခု) |
| **ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း** | | အောက်ပါ ❶၊ ❷ ထဲမှ တစ်ခုခု<br>❶ Yucho Bankbook App သို့မဟုတ် Yucho Authentication App *1*2<br>❷ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်ထဲမှ တစ်ခုခု) + ပင်နံပါတ် ရိုက်ထည့်ခြင်း |

*1 Yucho Bankbook App တွင် အထောက်အထားစိစစ်ခြင်းဆိုင်ရာ အချက်အလက်များကို ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။

*2 "စာရွက်စာတမ်းဖြင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံခြင်း (eKYC)" ကို ပြုလုပ်ပြီးမှသာ အသုံးပြုနိုင်ပါသည်။

**Yucho Bankbook App သို့မဟုတ် Yucho Authentication App** ............ **စာမျက်နှာ 5**
**ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း** ............ **စာမျက်နှာ 6**
**ပင်နံပါတ် ရိုက်ထည့်ခြင်း** ............ **စာမျက်နှာ 9**
**ဖုန်းဖြင့် အတည်ပြုခြင်း** ............ **စာမျက်နှာ 9**

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

နိုင်ငံခြားသားများအတွက်

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့်နည်းလမ်း

# Yucho Bankbook App / Yucho Authentication App

Yucho Bankbook App သို့မဟုတ် Yucho Authentication App ကို မှတ်ပုံတင်ထားသူများသည် Yucho Tetsuzuki App တွင် ကိုယ်ရေးအချက်အလက် အတည်ပြုရန်အတွက် အသုံးပြုနိုင်ပါသည်။

* Yucho Bankbook App တွင် အထောက်အထားစိစစ်ခြင်းဆိုင်ရာ အချက်အလက်များကို ကြိုတင်မှတ်ပုံတင်ထားရန် လိုအပ်ပါသည်။

**Yucho Bankbook App**




**Yucho Authentication App**




"အက်ပ်ကို ဖွင့်ခြင်း" ခလုတ်ကို ရွေးချယ်ပါ။
Yucho Bankbook App သို့မဟုတ် Yucho Authentication App ပွင့်လာမည်ဖြစ်သောကြောင့် လမ်းညွှန်ချက်အတိုင်း ကိုယ်ရေးအချက်အလက် အတည်ပြုခြင်းကို လုပ်ဆောင်ပါ။
ကိုယ်ရေးအချက်အလက် အတည်ပြုပြီးနောက် Yucho Tetsuzuki App သို့ အလိုအလျောက် ရောက်ရှိသွားပါမည်။

### ⓘ Yucho Bankbook App သို့မဟုတ် Yucho Authentication App ကို Yucho Tetsuzuki App နှင့် မတူညီသော အခြားစက်တွင် အသုံးပြုပါက

(ဥပမာ) Yucho Authentication App

1




"QR ကုဒ်ကို ဖော်ပြခြင်း" ကို ရွေးချယ် ပါ။

* QR ကုဒ်သည် DENSO WAVE INCORPORATED ၏ မှတ်ပုံတင်ထားသော ကုန်အမှတ်တံဆိပ် ဖြစ်ပါသည်။

2




အခြားစက်ရှိ Yucho Bankbook App သို့ မဟုတ် Yucho Authentication App ဖြင့် QR ကုဒ်ကို ဖတ်ပြီး လမ်းညွှန်ချက်အတိုင်း ကိုယ်ရေးအချက်အလက် အတည်ပြုခြင်းကို လုပ်ဆောင်ပါ။ အထောက်အထားစိစစ်ခြင်း ပြီးစီးပါက Yucho Tetsuzuki App တွင် "အထောက်အထားစိစစ်မှုပြီးဆုံးခြင်း" ခလုတ်ကို ရွေးချယ် ပါ။

# ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း

နေထိုင်ခွင့်ကတ် | ယာဉ်မောင်းလိုင်စင် | တစ်ဦးချင်းနံပါတ်ကတ်

**1** သင်အသုံးပြုမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်းကို ရွေးချယ်ပြီး အက်ပလီကေးရှင်းဖြင့် စကင်ဖတ်ပါ။ စခရင်ပေါ်ရှိ လမ်းညွှန်ချက်များအတိုင်း လုပ်ဆောင်ပါ။

* လူကြီးမင်းများအပေါ် မူတည်၍ လမ်းညွှန်ချက်အချို့ ကွဲပြားနိုင်ပါသည်။

## နေထိုင်ခွင့်ကတ်

နေထိုင်ခွင့်ကတ်နံပါတ်ကို ရိုက်ထည့်ပါ။

* အကောင့်ဖွင့်ခြင်းဖြစ်ပါက နေထိုင်ခွင့်ကာလ ကုန်ဆုံးမည့်ရက်စွဲသည် 3 လအတွင်းဖြစ်နေပါက သို့မဟုတ် လက်ရှိနေရပ်လိပ်စာ ဖော်ပြထားခြင်းမရှိပါက လုပ်ငန်းစဉ် လုပ်ဆောင်၍ မရနိုင်ပါ။

* မျက်နှာစာတ်ပုံမပါသော နေထိုင်ခွင့်ကတ်များကို အသုံးပြု၍မရပါ။



(ဥပမာ) နေထိုင်ခွင့်ကတ်ဖြစ်ပါက

## ယာဉ်မောင်းလိုင်စင်

ထုတ်ယူစဉ် သို့မဟုတ် သက်တမ်းတိုးစဉ်က မိမိကိုယ်တိုင် မှတ်ပုံတင်ထား သော ပင်နံပါတ် 2 ခုကို ရိုက်ထည့်ပါ။ ပင် နံပါတ် ရိုက်ထည့်မှု 3 ကြိမ် မှားယွင်းပါက လော့ခ်ကျသွားပါမည်။

* လော့ခ်ဖြည်ရန်အတွက် အနီးဆုံး ရဲစခန်း သို့မဟုတ် ယာဉ်မောင်းလိုင် စင်စင်တာတွင် လုပ်ဆောင်ရန် လိုအပ်ပါသည်။



(ဥပမာ) ယာဉ်မောင်းလိုင်စင် ဖြစ်ပါက

## တစ်ဦးချင်းနံပါတ်ကတ်

ကတ် (အရှေ့ဘက်) တွင် ဖော်ပြထားသော အချက်အလက်များကို ထည့်သွင်းပါ။

* ဤအက်ပလီကေးရှင်းဖြင့် လုပ်ဆောင်ရာတွင် ကျွန်ုပ်တို့ဘက်အနေဖြင့် တစ်ဦးချင်းနံပါတ်ကို ရယူမည်မဟုတ်ပါ။



(ဥပမာ) တစ်ဦးချင်းနံပါတ်ကတ် ဖြစ်ပါက

### IC ချစ်ပ်ကို ဖတ်၍မရပါက

- အားသွင်းကြိုး၊ နားကြပ်ကြိုး စသည့် ကြိုးများကို ဖြုတ်ပေးပါ။
- စမတ်ဖုန်းကို အားလုံလောက်စွာ သွင်းထားပေးပါ။
- IC ကတ်ကို သတ္တုစားပွဲပေါ်တွင် မထားပါနှင့်။
- ကတ်ကို ကတ်ထည့်သည့်အိတ်ထဲမှ ထုတ်ပေးပါ။
- ဖတ်ယူသည့် စခရင် ပေါ်လာပြီးနောက် မရွှေ့ဘဲ ခဏစောင့်ပေးပါ။
- စမတ်ဖုန်းကို ကပ်ရမည့်နေရာ ပြောင်းပြီး စမ်းကြည့်ပေးပါ။
- စမတ်ဖုန်းကာဗာများကို ဖြုတ်လိုက်ပါက ပိုမိုဖတ်ရလွယ်ကူနိုင်ပါသည်။
- စမတ်ဖုန်းတွင် လက်ကိုင်ရန်အတွက်ကွင်းများ တပ်ထားပါက ဖြုတ်ပေးပါ။
- စမတ်ဖုန်းကို ကတ်နှင့် သေချာထိကပ်ထားပြီး ဖတ်၍ရသည်အထိ ခေတ္တစောင့်ပေးပါ။ 15 စက္ကန့်ခန့် ကြာနိုင်ပါသည်။
- စမတ်ဖုန်း၏ ဆက်တင်များကို ပြောင်းလဲခြင်းဖြင့် ဖြေရှင်း၍ရနိုင်ခြေရှိပါသည်။

အဆင့် 2 ကို နောက်စာမျက်နှာတွင် ဆက်ကြည့်ပါ

နိုင်ငံခြားသားများအတွက်

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့်နည်းလမ်း

# ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း

နေထိုင်ခွင့်ကတ် | ယာဉ်မောင်းလိုင်စင် | တစ်ဦးချင်းနံပါတ်ကတ်

* 2 နှင့် 3 သည် အချို့သော လုကြီးမင်းများတွင် ပေါ်မည်မဟုတ်ပါ။




အက်ပလီကေးရှင်း၏ လမ်းညွှန်ချက်အတိုင်း နေထိုင်ခွင့်ကတ်၏ "ကျော" ကို ဓာတ်ပုံရိုက်ပါ။
နေထိုင်ခွင့်ကတ်သည် ကတ်ထည့်သည့်အိတ်ထဲတွင် ရှိနေပါက အပြင်သို့ထုတ်ပြီးမှ ဓာတ်ပုံရိုက်ပါ။




ရိုက်ကူးထားသော ဓာတ်ပုံကို စစ်ဆေးပါ။ ရိုက်ကူးထားသော ဓာတ်ပုံသည် ဝါးနေပါက "ပြန်ယူ" ကို ရွေးချယ်ပါ။




နေထိုင်ခွင့်ကတ်၏ "ကျော" ကို ရိုက်ကူးပြီးနောက် အက်ပလီကေးရှင်း၏ လမ်းညွှန်ချက်အတိုင်း မိမိ၏ မျက်နှာဓာတ် ပုံကို ရိုက်ကူးပါ။
အစိမ်းရောင် အမှန်ခြစ် ပေါ်လာပါက ရိုက်ကူးခြင်း ပြီးဆုံးပါပြီ။

### ⓘ မျက်နှာဓာတ်ပုံရိုက်ကူးခြင်း အောင်မြင်စွာ မပြီးဆုံးပါက

- အလင်းရောင်ကောင်းသော နေရာတွင် ပြုလုပ်ပါ။
- ကင်မရာတွင် လက်ဗွေရာ သို့မဟုတ် အညစ်အကြေးများရှိနေပါက နူးညံ့သော အဝတ်ဖြင့် သုတ်ပါ။
- မျက်မှန်၊ ဦးထုပ်နှင့် နှာခေါင်းစည်းတို့ကို ချွတ်ပါ။

# ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း

နေထိုင်ခွင့်ကတ် | ယာဉ်မောင်းလိုင်စင် | တစ်ဦးချင်းနံပါတ်ကတ်

## ● အကောင့်ဖွင့်မည့်အခါ




ကင်မရာကို ဖွင့်ပြီး နေထိုင်ခွင့်ကတ်၏ "ရှေ့စာမျက်နှာ" ကို ရိုက်ကူးပါ။
နေထိုင်ခွင့်ကတ်ကို ကတ်ထည့်သည့်အိတ်ထဲ ထည့်ထားပါက အပြင်သို့ထုတ်ပြီးမှ ရိုက်ကူးပါ။




စခရင်ပါ လမ်းညွှန်ချက်အတိုင်း နေထိုင်ခွင့်ကတ်၏ "ရှေ့စာမျက်နှာ" ကို ဘောင်အတွင်း ဝင်အောင်ချိန်ပြီး ရိုက်ကူးပါ။




ရိုက်ကူးထားသော ပုံကို စစ်ဆေးကြည့်ပါ။
ဓာတ်ပုံဝါးနေပါက သို့မဟုတ် နေထိုင်ခွင့်ကတ် (ရှေ့စာမျက်နှာ) အပြင် အခြားအရာများ ပါဝင်နေပါက ပြန်ရိုက်ပါ။

### ⓘ ဓာတ်ပုံပြန်လည်ရိုက်ရန် လိုအပ်သည့် ဖြစ်စဉ်



ဓာတ်ပုံသည် မပြတ်သားမရှင်းလင်းပါ။



နေထိုင်ခွင့်ကတ်အပြင် အခြားအရာများ ပုံတွင် ပါနေသည်။

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

နိုင်ငံခြားသားများအတွက်

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုသည့်နည်းလမ်း

# ပင်နံပါတ် ရိုက်ထည့်ခြင်း




အကောင့်တွင် မှတ်ပုံတင်ထားသော ငွေသားကတ်၏ ပင်နံပါတ်ကို ရိုက်ထည့်ပါ။

* ကိုယ်စားလှယ်ကတ်ကို ပြန်လည်ထုတ်ပေးသည့်အခါတွင်လည်း အကောင့်ပိုင်ရှင်ကတ်၏ ပင်နံပါတ်ကို ရိုက်ထည့်ရပါမည်။

# ဖုန်းဖြင့် အတည်ပြုခြင်း

အကောင့်တွင် မှတ်ပုံတင်ထားသော ဖုန်းနံပါတ်သည် ကြိုးဖုန်းဖြစ်ပါက အသံဖြင့်၊
မိုဘိုင်းဖုန်းဖြစ်ပါက မက်ဆေ့ချ် (SMS) ဖြင့် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုကုဒ်ကို ပေးပို့မည်ဖြစ်ပါသည်။




အကောင့်တွင် မှတ်ပုံတင်ထားသော ဖုန်းနံပါတ်ကို ပြသပါမည်။ မှားယွင်းမှုမရှိကြောင်း သေချာစစ်ဆေး ပါ။

* နောက်ဆုံးဂဏန်း 3 လုံးကို ဖုံးကွယ်၍ ပြသပါမည်။




“Issue an identity verification code (ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုကုဒ်ကို ထုတ်ယူမည်)” ခလုတ်ကို နှိပ်ပါ။




အသံ သို့မဟုတ် စာတို (SMS) မှတစ်ဆင့် ပေးပို့လာသော ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုကုဒ်ကို ရိုက်ထည့်ပါ။

# Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

## အကောင့်ဖွင့်ခြင်း

နေထိုင်ခွင့်ကတ်ဖြင့် အကောင့်ဖွင့်ခြင်းကို လျှောက်ထားနိုင်ပါသည်။
အကောင့်ဖွင့်ရာတွင် စီမံဆောင်ရွက်မှု ပံ့ပိုးရေး စင်တာ၌ လျှောက်ထားသည့် အချက်အလက်များကို စစ်ဆေးမည်ဖြစ်ပါသည်။
Yucho Tetsuzuki App တွင် ဘဏ်စာအုပ် ထုတ်ပေးမည်မဟုတ်သော ဘဏ်စာအုပ်မလိုသော ပေါင်းစပ်အကောင့် "Yucho Direct + (Plus)" ကိုသာ လျှောက်ထားနိုင်ပါသည်။

* စီမံဆောင်ရွက်မှု ပံ့ပိုးရေး စင်တာ၏ စစ်ဆေးမှုရလဒ်များကို ပုံမှန်အားဖြင့် 1 ပတ်အတွင်း သင်ရိုက်ထည့်ထားသော အီးမေးလ်လိပ်စာသို့ ပေးပို့ပါမည်။
* ဤအက်ပလီကေးရှင်းတွင် အကောင့်ဖွင့်ရာ၌ တံဆိပ်တုံး မှတ်ပုံတင်ခြင်းကို ပြုလုပ်မည်မဟုတ်ပါ။ အများပြည်သူသုံး ဝန်ဆောင်မှုစရိတ်များ ဖြတ်တောက်ရန် အသုံးပြုခြင်းစသည့် အကြောင်းရင်းများကြောင့် တံဆိပ်တုံး မှတ်ပုံတင်ရန် လိုအပ်သူများသည် အကောင့်ဖွင့်ပြီးနောက် IC ငွေသားကတ်၊ မှတ်ပုံတင်မည့် တံဆိပ်တုံး၊ မျက်နှာ ဓာတ်ပုံပါရှိသော ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ် စသည်) တို့ကို ယူဆောင်လာပြီး နီးစပ်ရာ ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာတွင် တံဆိပ်တုံး မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးပါ။
* ဘဏ်စာအုပ် လိုအပ်ပါက ဘဏ်စာအုပ် သက်တမ်းတိုးခြင်းအတွက် ATM တွင် ငွေသားကတ်ကို အသုံးပြု၍ ဘဏ်စာအုပ် ထုတ်ယူခြင်း (ဘဏ်စာအုပ်ပါရှိသော အကောင့်သို့ ပြောင်းလဲခြင်း) လုပ်ငန်းစဉ်ကို ဆောင်ရွက်နိုင်ပါသည်။ အကောင့်ဖွင့်ပြီးနောက် 2 လအတွင်းဖြစ်ပြီး ပထမဆုံးအကြိမ်အတွက်သာ ဝန်ဆောင် ခ ပေးဆောင်ရန် မလိုပါ (2 လ ကျော်လွန်သွားပါက သတ်မှတ်ထားသော ဝန်ဆောင်ခကို ပေးဆောင်ရပါမည်)။

### အကောင့်ဖွင့်နိုင်သူများ

- **ယူးချောဘဏ်၏ ပေါင်းစပ်အကောင့် မရှိသေးသော လူကြီးမင်းများ**
- **အသက် 16 နှစ်နှင့်အထက် တစ်ဦးချင်းဖောက်သည်များ**
- **ဂျပန်နိုင်ငံတွင် နေထိုင်သော လူကြီးမင်းများ**

#### ⚠ အောက်ပါအခြေအနေများတွင် လုပ်ဆောင်၍မရပါ။

- ယူးချောဘဏ်တွင် ပေါင်းစပ်အကောင့် ရှိပြီးဖြစ်သော လူကြီးမင်းများ
- စီးပွားရေးလုပ်ငန်းအတွက် အကောင့်အသုံးပြုလိုသော တစ်ဦးချင်းဖောက်သည်များ
- ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ (ဥပဒေစည်းနှောင်မှုဖြင့်ဖွဲ့ထားခြင်းမဟုတ်သော အသင်းအဖွဲ့များ) ဖြစ်သော လူကြီးမင်းများ
- အသက် 16 နှစ်အောက် လူကြီးမင်းများ
- နိုင်ငံခြားသားဖြစ်ပြီး နေထိုင်ခွင့်ကတ် မရှိသော လူကြီးမင်းများ (အထူးအမြဲတမ်းနေထိုင်သူများ၊ သံတမန်များ စသည်)
- နေထိုင်ခွင့်ကတ်၏ နေထိုင်ခွင့်ကာလ ကုန်ဆုံးမည့်ရက်စွဲသည် 3 လအတွင်းဖြစ်သော သို့မဟုတ် နေထိုင်ခွင့်ကတ် သက်တမ်းတိုးထားဆဲဖြစ်သော လူကြီးမင်းများ
- နိုင်ငံခြားအစိုးရစသည်တို့တွင် အရေးကြီးသော ရာထူးရှိသူ / ၎င်းတို့၏ မိသားစုဝင် (နိုင်ငံရပ်ခြားမှ PEPs များ (အစိုးရထိပ်ပိုင်းအဖွဲ့ဝင်နှင့် မိသားစုဝင်များ)) ဖြစ်သော လူကြီးမင်းများ
- ဂျပန်နိုင်ငံတွင် မနေထိုင်သော လူကြီးမင်းများ
- စိတ်ပိုင်းဆိုင်ရာမသန်စွမ်းမှုအုပ်ထိန်းသူစနစ်ကို အသုံးပြုနေသော လူကြီးမင်းများ
- အမည်တွင် II၊ III စသည်တို့ ပါဝင်သော လူကြီးမင်းများ

### လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သောအရာများ

လိုအပ်သည်များမှာ နေ့စဉ်အသုံးပြုနေသော စမတ်ဖုန်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ် စသည်) နှင့် အီးမေးလ်လိပ်စာတို့ ဖြစ်ပါသည်။

**နေထိုင်ခွင့်ကတ်**[*1] **+** [နေထိုင်ခွင့်အမျိုးအစားသည် "Student" သို့မဟုတ် "Technical Intern Training" ဖြစ်ပါက: **ကျောင်းသားကတ်** သို့မဟုတ် **ကုမ္ပဏီဝန်ထမ်းကတ်** သို့မဟုတ် **ဝန်ထမ်း/ကျောင်းသား ဖြစ်ကြောင်း ထောက်ခံစာ**[*2]] **+** **အီးမေးလ်လိပ်စာ**

*1 လျှောက်ထားသည့်နေ့မှ နေထိုင်ခွင့်ကာလ ကုန်ဆုံးမည့်ရက်စွဲအထိ ကာလသည် 3 လထက် ကျော်လွန်နေရမည်ဖြစ်ပြီး လက်ရှိလိပ်စာကို ဖော်ပြထားရန် လိုအပ်ပါသည်။

*2 ကျောင်း သို့မဟုတ် အလုပ်တွင် တက်ရောက်/လုပ်ကိုင်နေကြောင်း အတည်ပြုနိုင်သည့် ကျောင်းသားကတ် သို့မဟုတ် ကုမ္ပဏီဝန်ထမ်းကတ် စသည်တို့ မရှိပါက၊ ဤဘဏ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အလုပ်လုပ်ကိုင်ကြောင်း/ကျောင်းတက်နေကြောင်း ထောက်ခံစာ ပုံစံကို အသုံးပြုပေးပါ။ (အလုပ်ခွင် သို့မဟုတ် ကျောင်းမှ တာဝန်ခံက ဖြည့်စွက်ပေးပါ။)

# အကောင့်ဖွင့်ခြင်း

## လုပ်ငန်းစဉ်များ မစတင်မီ စစ်ဆေးရန်




အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် ဖွင့်ပြီးနောက် ပြ သလာမည့် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သဘောတူရန် လိုအပ် ပါသည်။ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရွေးချယ်ပြီး အကြောင်းအရာများကို စစ်ဆေးပြီးနောက် သဘောတူနိုင် ပါက "同意する (Agree)" ခလုတ် ကို ရွေးချယ်ပါ။




အက်ပလီကေးရှင်း၏ ပင်မစခရင်တွင် "အကောင့်အသစ်ဖွင့်ချင်သည်" ကို ရွေးချယ်ပါ။




ကိုယ်ရေးအချက်အလက် ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖတ်ရှုစစ်ဆေးပြီးနောက် သဘောတူပါက "သဘောတူသည်" ခလုတ်ကို ရွေးချယ်ပါ။




ယူးချောဘဏ် သို့မဟုတ် စာတိုက်တွင် ဤအက်ပလီကေးရှင်းကို အသုံးပြုရန် လမ်းညွှန်ပေးလာပါက ဘဏ်ခွဲကုဒ်နံပါတ်ကို ရိုက်ထည့်ပေးပါ။ လုပ်ငန်းစဉ်လုပ်ဆောင်မှုအဆင့်ဆင့်ကို စစ်ဆေးပြီးနောက် "ပိတ်မည်" ခလုတ်ကို ရွေးချယ်ပါ။

# အကောင့်ဖွင့်ခြင်း

| STEP 1 | STEP 2 | STEP 3 | STEP 4 |
| --- | --- | --- | --- |
| **အရေးကြီး အသိပေးချက်များကို စစ်ဆေးခြင်း** | ကာယကံရှင် အတည်ပြုခြင်း | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |




အရေးကြီး အသိပေးချက်များကို စစ်ဆေး ပါ။ လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမပြုနိုင်သော လူကြီးမင်းများနှင့် အကောင့်၏ ထူးခြားချက်များကို ရှင်းပြထားပါသည်။




နိုင်ငံသားဖြစ်တည်မှုကို ရွေးချယ်ပြီး STEP 2 သို့ ဆက်သွား ပါ။

### ⚠ ကျေးဇူးပြု၍ သတိပြုပါ

- စိစစ်မှုရလဒ်များအရ အကောင့်ဖွင့်ခွင့်ကို ငြင်းပယ်ခြင်းမျိုး ရှိနိုင်ပါသည်။
- JP BANK ကတ်နှင့် Yucho Debit ကတ်ကို အကောင့်ဖွင့်ပြီးနောက် လျှောက်ထားနိုင်ပါသည်။
- မိမိ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံ စာရွက်စာတမ်းဖြင့်သာ လုပ်ငန်းစဉ်ကို ဆောင်ရွက်ပါ။

| STEP 1 | STEP 2 | STEP 3 | STEP 4 |
| --- | --- | --- | --- |
| အရေးကြီး အသိပေးချက်များကို စစ်ဆေးခြင်း | **ကာယကံရှင် အတည်ပြုခြင်း** | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |




နေထိုင်ခွင့်ကတ် ရှိ/မရှိကို ရွေးချယ် ပါ။

### ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။ အကောင့်ဖွင့်ရန်အတွက် (နေထိုင်ခွင့်ကတ်) ဖြင့် ပုဂ္ဂိုလ်ရေး အထောက်အထားကို အတည်ပြုပါ။

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပြီးပါက (STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း) သို့ ဆက်သွားပါ။ >

# အကောင့်ဖွင့်ခြင်း

| STEP 1 | STEP 2 | STEP 3 | STEP 4 |
|---|---|---|---|
| အရေးကြီး အသိပေးချက်များကို စစ်ဆေးခြင်း | ကာယကံရှင် အတည်ပြုခြင်း | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |




Chat မှ လမ်းညွှန်ချက်များအတိုင်း လူကြီးမင်း၏ နိုင်ငံသားဖြစ်တည်မှုကို စစ်ဆေးပါ။




နေထိုင်ခွင့်အမျိုးအစားနှင့် အမည် စသည်တို့ မှားယွင်းနေခြင်းရှိမရှိ စစ်ဆေးပါ။
ပြင်ဆင်ရန်လိုအပ်ပါက Chat မှ လမ်းညွှန်ချက်များအတိုင်း ပြင်ဆင်ပါ။
အမည် (ခန) ကို ဂျပန်ဘာသာဖြင့်ဖော်ပြရန် မသိပါက ကျေးဇူးပြု၍ အတည်ပြု ပြီးမှ ရိုက်ထည့်ပါ။

## ⓘ နေထိုင်ခွင့်အမျိုးအစားသည် “Student” သို့မဟုတ် “Technical Intern Training” ဖြစ်ပါက

ကျောင်းသားကတ်၊ ကုမ္ပဏီဝန်ထမ်းကတ်၊ ဝန်ထမ်း/ကျောင်းသားဖြစ်ကြောင်း ထောက်ခံစာ* တစ်ခုခုကို ဓာတ်ပုံရိုက်ရန် လိုအပ်ပါသည်။
လိုအပ်သော စာရွက်စာတမ်းများကို ပြင်ဆင်ပြီးနောက် လမ်းညွှန်ချက်များအတိုင်း ကင်မရာကိုဖွင့်၍ ဓာတ်ပုံရိုက်ပါ။







* အမည်နှင့် အလုပ်လုပ်သည့်နေရာ/ကျောင်းကို ရေးသားဖော်ပြထားပြီး အမည်သည် နေထိုင်ခွင့်ကတ်နှင့် တူညီနေရန် လိုအပ်ပါသည်။
နေထိုင်သူမှတ်ပုံတင်စာရွက်နှင့် တစ်ဦးချင်းနံပါတ် (My Number) အကြောင်းကြားစာတို့သည် အလုပ်လုပ်သည့်နေရာ/ကျောင်းကို စစ်ဆေး၍မရသောကြောင့် ဝန်ထမ်း/ကျောင်းသားဖြစ်ကြောင်း ထောက်ခံစာအဖြစ် အသုံးပြု၍ မရပါ။

⚠
- ဓာတ်ပုံရိုက်ရာတွင် နောက်ခံ၌ အခြားအရာများ မပါဝင်စေရန် သတိပြုပါ။
- ပုံဝါးနေခြင်း သို့မဟုတ် အခြားအရာများ ပါဝင်နေသည့် အခြေအနေဖြင့် လျှောက်ထားပါက စီမံဆောင်ရွက်မှု ပံ့ပိုးရေး စင်တာတွင် အချက်အလက်များကို စစ်ဆေးခြင်း ပြုလုပ်နိုင်မည်မဟုတ်သဖြင့် ထပ်မံ၍ လျှောက်ထားရန် မေတ္တာရပ်ခံနိုင်ပါသည်။

## ⓘ လိပ်စာကို အတည်ပြုစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍

Chat စခရင်တွင် ပေါ်လာသည့် လိပ်စာနှင့် နေထိုင်ခွင့်ကတ်တွင် ဖော်ပြထားသော လိပ်စာတို့ ကိုက်ညီမှု ရှိ၊ မရှိ စစ်ဆေးပါ။

### ⚠ လိပ်စာထည့်သွင်းရာတွင် သတိပြုရမည့်အချက်များ

အိမ်နံပါတ်၊ လမ်းနံပါတ်စသည်တို့ကို “-” (မျဉ်းတို) ဖြင့် ထည့်သွင်းနိုင်ပါသည်။

# အကောင့်ဖွင့်ခြင်း

STEP 1 အရေးကြီး အသိပေးချက်များကို စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း




Chat ၏ ညွှန်ကြားချက်များအတိုင်း လူကြီးမင်း၏ နေထိုင်ရာ နိုင်ငံ (အခွန်ဆောင်ရသည့် နိုင်ငံ) စသည်တို့ကို ထည့်သွင်း ပေးပါ။
ထို့အပြင် ငွေပေးငွေယူ ပြုလုပ်ချိန်တွင် အတည်ပြုစစ်ဆေးခြင်းနှင့်ပတ်သက်၍ စစ်ဆေး အတည်ပြုပြီးနောက် အကောင့် အသုံးပြုမည့် ရည်ရွယ်ချက် စသည်တို့ကို ထည့်သွင်း ပေးပါ။

## ⚠ ကျေးဇူးပြု၍ သတိပြုပါ

- နေထိုင်ရာ နိုင်ငံ ဆိုသည်မှာ အခွန်ပေးဆောင်ရမည့် လိပ်စာစသည်တို့ ရှိသော နိုင်ငံ ကို ဆိုလိုပါသည်။ ဂျပန်နိုင်ငံတွင် နေထိုင်သူများအနေဖြင့် နေထိုင်ရာ နိုင်ငံကို "ဂျပန်" အဖြစ် တင်ပြရန် လိုအပ် ပါသည်။ နားမလည်သည်များရှိပါက အနီးဆုံး အခွန်ရုံး သို့ ဆက်သွယ်မေးမြန်းပါ။
- အခွန်ထမ်းဆောင်မှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်စာချုပ်များအရ ကျင့်သုံးသော အထူးအချက်များဆိုင်ရာဥပဒေအရ အချို့သော ပြည်ပနေထိုင်သူများ၏ အကောင့်အချက်အလက်များ (အမည်၊ လိပ်စာ၊ မွေးသက္ကရာဇ်၊ (နေ ထိုင်ရာ နိုင်ငံ၊ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN)၊ အကောင့်လက်ကျန်ငွေ စသည်)) ကို အမျိုးသားအခွန်အေဂျင်စီ သို့ အစီရင်ခံတင်ပြပါမည်။
- နေထိုင်ရာ နိုင်ငံ (အခွန်ဆောင်ရသည့် ဇာတိနိုင်ငံ) စသည်တို့ကို တင်ပြရန်မှာ ဥပဒေအရ တာ ဝန်ဖြစ်ပြီး တင်ပြရန်နှင့် အမျိုးသားအခွန်အေဂျင်စီသို့ သတင်းပို့ခြင်းကို သဘောတူ ခွင့်ပြုခြင်းမရှိပါက အမျိုးမျိုးသော ငွေပေးငွေ ယူများကို လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။ ကြိုတင်နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- အမေရိကန်အခွန်ဥပဒေဖြစ်သော "နိုင်ငံခြားဘဏ်အကောင့် အခွန်လိုက်နာမှုဆိုင်ရာ ဥပဒေ (FATCA)" အရ အမျိုးမျိုးသော ငွေပေးငွေယူများတွင် အမေရိကန် နိုင်ငံသားဖြစ်ကြောင်း ညွှန်ပြသည့် အချက်အလက်များကို တွေ့ရှိပါက အမေရိကန်နိုင်ငံ ပြည်တွင်းအခွန်များဝန်ဆောင်မှု (IRS) သို့ အချက်အလက်များ ထုတ်ဖော်ခြင်းနှင့်ပတ်သက်သည့် သဘောတူညီချက်ပုံစံစသည်တို့ကို တင်သွင်းပေးရန် မေတ္တာရပ်ခံအပ်ပါသည်။




နောက်ဆုံးအနေဖြင့် အကောင့်အသုံးပြုရန်အတွက် လိုအပ်သော အချက်အလက်များကို သတ်မှတ်ပေးပါ။

- ငွေသားကတ်၏ ပင်နံပါတ်
- Yucho Direct[*1] ၏ လော့ဂ်အင်စကားဝှက်နှင့် တစ်ရက်စာ ငွေလွှဲ/ငွေပေးချေ မှု ကန့်သတ်ပမာဏ[*2]

## ⚠ ကျေးဇူးပြု၍ သတိပြုပါ

Yucho Direct[*1] ၏ လော့ဂ်အင် စကားဝှက်ကို အောက် ပါ အခြေအနေအားလုံးနှင့် ကိုက်ညီအောင် သတ်မှတ်ပေး ပါ။
မှတ်ချက် - သင်္ကေတများ ("@"၊ "!"စသည်) ကို အသုံးပြု၍ မရပါ။

- Half-width အင်္ဂလိပ်စာလုံးဖြင့် ဂဏန်း 8 လုံးမှ 12 လုံး
- ဂဏန်း၊ အင်္ဂလိပ်စာလုံးအသေး၊ အင်္ဂလိပ်စာလုံးအကြီး တစ်မျိုးစီ အနည်းဆုံး 1 လုံး ပါဝင်ရမည်

အထက်ပါအချက်များနှင့် မကိုက်ညီပါက အတည်ပြုခလုတ်ကို ရွေးချယ်၍ မရပါ။

စကားဝှက်ကို စာလုံးမြင်ရအောင်လုပ်ရင်း ရိုက်ထည့်နိုင်ပါသည်။




* စကားဝှက်ကို အခြားသူများ မသိစေရန် အသုံးပြုသည့်နေရာနှင့် ကိုင်တွယ်ပုံ တို့ကို အထူးသတိပြုပါ။

*1 အင်တာနက်ဘဏ်လုပ်ငန်း

*2 Yucho Direct နှင့် Yucho Bankbook App မှတစ်ဆင့် ငွေလွှဲခြင်း၊ ငွေပေးချေခြင်း စသည်တို့ကို ပြုလုပ်နိုင် သည့် တစ်နေ့တာ စုစုပေါင်း အများဆုံးပမာဏ

Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# အကောင့်ဖွင့်ခြင်း

| STEP 1 | STEP 2 | STEP 3 | STEP 4 |
| --- | --- | --- | --- |
| အရေးကြီး အသိပေးချက်များကို စစ်ဆေးခြင်း | ကာယကံရှင် အတည်ပြုခြင်း | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |

1




အတည်ပြုရမည့်အချက်များကို စစ်ဆေးပြီးနောက် လုပ်ဆောင်မည့်အချက်အလက်များတွင် အမှားအယွင်းမရှိကြောင်းကို စစ်ဆေးပါ။ ပြင်ဆင်ရန် လိုအပ်ပါက "ပြင်ဆင်မည်" ခလုတ်ကို နှိပ်၍ ပြင်ဆင်ပါ။

2




အကြောင်းအရာများ မှားယွင်းမှုမရှိပါက "အတည်ပြုပြီးနောက် နောက်တစ်ဆင့်သို့ ဆက်သွားမည်" ကို ရွေးချယ်ပါ။

3




စီမံဆောင်ရွက်မှု ပံ့ပိုးရေး စင်တာတွင် လျှောက်ထားသည့် အချက်အလက်များကို စစ်ဆေးပါမည်။

* ယနေ့တွင် လျှောက်ထားခြင်းကိုသာ လက်ခံဆောင်ရွက်ပေးပါမည်။

4




စစ်ဆေးမှုရလဒ်များကို လက်ခံရယူရန်အတွက် အီးမေးလ်လိပ်စာကို စာရင်းသွင်း ပါ။

5




စာရင်းသွင်းထားသော အီးမေးလ်လိပ်စာသို့ အတည်ပြု နံပါတ် ရောက်ရှိလာပါမည်။ အက်ပလီကေးရှင်းတွင် ရိုက်ထည့်ပေးပါ။

6




လျှောက်ထားမှု ပြီးမြောက်ပါပြီ! စခရင်တွင် ဖော် ပြထားသော ကောင်တာ လက်ခံနံပါတ်ကို မဖြစ်မနေ မှတ်သားထားပါ ပေးပါ။

# အကောင့်ဖွင့်ခြင်း

## သတိပြုရမည့်အချက်များ

### စစ်ဆေးမှုရလဒ် အီးမေးလ်

စာရင်းသွင်းထားသော အီးမေးလ်လိပ်စာသို့ စစ်ဆေးမှုရလဒ်များကို ပေးပို့ပါမည်။

* စစ်ဆေးမှုရလဒ်များကို ပုံမှန်အားဖြင့် 1 ပတ်အတွင်း အကြောင်းကြားပါမည်။

### ငွေသားကတ်

စစ်ဆေးမှုရလဒ်အရ အကောင့်ဖွင့်ရန် ခွင့်ပြုချက်ရရှိပါက ငွေသားကတ်ကို အကောင့်ဖွင့်ပြီးနောက် ပုံမှန်အားဖြင့် 1 ပတ်အတွင်း စာရင်းသွင်းထားသော လိပ်စာသို့ ပေးပို့ပါ မည် (ပေးပို့မည့်နည်းလမ်း - ထပ်ဆင့်ပေးပို့ခြင်းမပြုသော ရိုးရိုးမှတ်ပုံတင် စာ)။ လက်ခံရယူနိုင်ခြင်းမရှိပါက အကောင့်၏ ငွေပေးငွေယူများကို ကန့်သတ်နိုင်ပါသဖြင့် သတိပြုပေးပါ။

* စစ်ဆေးမှုရလဒ်အရ အကောင့်ဖွင့်ခွင့်မရနိုင်သည့် အခြေအနေမျိုးလည်း ရှိနိုင်ပါသဖြင့် ကြိုတင်နားလည်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

### အကောင့်အချက်အလက်

ငွေသားကတ်နှင့်အတူ "Yucho Direct" ၏ ဖောက်သည်နံပါတ် ပါရှိသော စာရွက်စာတမ်း*ကို ပေးပို့ ပေးပါမည်။
"ဖောက်သည်နံပါတ်" နှင့် အကောင့်ဖွင့်ခြင်း ပြုလုပ်စဉ်က သတ်မှတ် ထားသော Direct Login Password ဖြင့် Yucho Direct သို့ ပထမဆုံးအကြိမ် Log in ဝင်ပေးပါ။

* "ဖောက်သည်နံပါတ်" နှင့် "အကောင့်နံပါတ်" ကို ဖော်ပြထားမည် ဖြစ်သောကြောင့် သေချာစွာ သိမ်းဆည်းထားပါ။

## အကောင့်ဖွင့်ခြင်း ပြုလုပ်ထားသူများအတွက် အကြံပြုချက်

**Yucho Bankbook App** သည် သင်ပုံမှန်အသုံးပြုနေကျ စမတ်ဖုန်းဖြင့် လက်ရှိလက်ကျန်ငွေနှင့် ငွေသွင်းငွေထုတ်မှတ်တမ်းများကို စစ်ဆေးခြင်း၊ ငွေလွှဲခြင်းများ ပြုလုပ်နိုင်သော အက်ပလီကေးရှင်းဖြစ်ပါသည်။
အကောင့်ဖွင့်ခြင်း ပြုလုပ်ပြီးနောက် ချက်ချင်း အသုံးပြုနိုင်ပါသည်!

iPhone ဗားရှင်း

Android ဗားရှင်း

# သုံးစွဲသူအချက်အလက်များ တင်ပြခြင်း

သုံးစွဲသူအချက်အလက်များ တင်ပြခြင်း (ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း၊ နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း) ကို ပြုလုပ်နိုင်ပါသည်။

ATM သို့မဟုတ် Yucho Direct စသည်တို့တွင် ငွေပေးငွေယူ ရည်ရွယ်ချက်နှင့် ပတ်သက်သော မက်ဆေ့ချ် ပေါ်လာသူများလည်း ဤအက်ပလီကေးရှင်းဖြင့် လုပ်ငန်းစဉ်များလုပ်ဆောင်နိုင်ပါသည်။

## ● သုံးစွဲသူအချက်အလက်များ တင်ပြနိုင်သူများ

**ယူးချောဘဏ်တွင် ပေါင်းစပ်အကောင့် ဖွင့်လှစ်ထားသော တစ်ဦးချင်းဖောက်သည်များ**

### ⚠ အောက်ပါအခြေအနေများတွင် လုပ်ဆောင်၍မရပါ။

- စီးပွားရေးလုပ်ငန်းအတွက် အကောင့်ကို အသုံးပြုနေသော တစ်ဦးချင်းဖောက်သည်များ
- ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ (ဥပဒေစည်းနှောင်မှုဖြင့်ဖွဲ့ထားခြင်းမဟုတ်သော အသင်းအဖွဲ့များ) ဖြစ်သော လူကြီးမင်းများ
- နိုင်ငံခြားအစိုးရစသည်တို့တွင် အရေးကြီးသော ရာထူးရှိသူ / ၎င်းတို့၏ မိသားစုဝင် (နိုင်ငံရပ်ခြားမှ PEPs များ(အစိုးရထိပ်ပိုင်းအဖွဲ့ဝင်နှင့် မိသားစုဝင်များ)) ဖြစ်သော လူကြီးမင်းများ
- ငွေသားဝန်ဆောင်မှုကို အသုံးမပြုသော ဖောက်သည်များ

## ● လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သောအရာများ

လိုအပ်သည်များမှာ ပုံမှန်အသုံးပြုနေသော စမတ်ဖုန်းနှင့် အောက်ပါ ❶ မှ ❸ အနက်မှ တစ်ခုခု ဖြစ်ပါသည်။
နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ရန်အတွက် နေထိုင်ခွင့်ကတ် လိုအပ်ပါသည်။

❶ **Yucho Bankbook App**
**သို့မဟုတ်**
**Yucho Authentication App**

ゆうちょ認証

❷ **ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း**
**(နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်* အနက်မှ တစ်ခုခု)**

❸ **မွေးသက္ကရာဇ်နှင့် ပင်နံပါတ် ရိုက်ထည့်ရန်**

****

* ဤအက်ပလီကေးရှင်းရှိ လုပ်ဆောင်ချက်များတွင် ကျွန်ုပ်တို့ဘဏ်အနေဖြင့် တစ်ဦးချင်းနံပါတ်ကို ရယူမည်မဟုတ်ပါ။

# သုံးစွဲသူအချက်အလက်များ တင်ပြခြင်း

## လုပ်ငန်းစဉ်များ မစတင်မီ စစ်ဆေးရန်




အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဖွင့်ပြီးနောက် ပေါ်လာမည့် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သဘောတူရန် လိုအပ်ပါသည်။ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရွေးချယ်ပြီး အကြောင်းအရာများကို စစ်ဆေးပြီးနောက် သဘောတူနိုင်ပါက "同意する (Agree)" ခလုတ်ကို ရွေးချယ်ပါ။




အက်ပလီကေးရှင်း၏ ပင်မစခရင်တွင် "သုံးစွဲသူ၏အချက်အလက် ပြန်လည်တင်ပြလိုသည်/နေထိုင်ခွင့်ကာလ စသည့် အချက်အလက်များကို ပြန်လည်အသစ်ပြင်ဆင်ခြင်း" ကို ရွေးချယ်ပါ။




ကိုယ်ရေးအချက်အလက် ကိုင်တွယ်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ဖတ်ရှုစစ်ဆေးပြီးနောက် သဘောတူပါက "သဘောတူသည်" ခလုတ်ကို ရွေးချယ်ပါ။




ယူးချောဘဏ် သို့မဟုတ် စာတိုက်တွင် ဤအက်ပလီကေးရှင်းကို အသုံးပြုရန် လမ်းညွှန်ပေးလာပါက ဘဏ်ခွဲကုဒ်နံပါတ်ကို ရိုက်ထည့်ပါ။ လုပ်ငန်းစဉ်လုပ်ဆောင်မှုအဆင့်ဆင့်ကို ဖတ်ရှုစစ်ဆေးပြီးနောက် "ပိတ်မည်" ခလုတ်ကို ရွေးချယ်ပါ။

# သုံးစွဲသူအချက်အလက်များ တင်ပြခြင်း

| STEP 1 | STEP 2 | STEP 3 | STEP 4 |
| --- | --- | --- | --- |
| သတိပြုရန်အချက်များ စစ်ဆေးခြင်း | ကာယကံရှင် အတည်ပြုခြင်း | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |




သတိပြုရန်အချက်များကို ဖတ်ရှုစစ်ဆေးပါ။
လုပ်ငန်းစဉ်ကို ဆောင်ရွက်ခြင်းမပြုနိုင်သော လူကြီးမင်းများအကြောင်း
စသည်တို့ကို ရှင်းပြထားပါသည်။

STEP 2 မှစ၍ မိမိလုပ်ဆောင်လိုသော လုပ်ငန်းစဉ်အပေါ်မူတည်၍ လမ်းညွှန်ချက်များ ကွာခြားပါမည်။

**ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း** ･･････････････････････････ **စာမျက်နှာ 20**

**နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း** ･･････････････････････････ **စာမျက်နှာ 22**

# ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း (1/2)

| STEP 1 | STEP 2 | STEP 3 | STEP 4 |
| --- | --- | --- | --- |
| သတိပြုရန်အချက်များ စစ်ဆေးခြင်း | ကာယကံရှင် အတည်ပြုခြင်း | လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |




သင်္ကေတနံပါတ်ကို ရိုက်ထည့်ပါ။

* သင်္ကေတနံပါတ်နှင့်ပတ်သက်၍ စာမျက်နှာ 35 ရှိ "မကြာခဏမေးလေ့ရှိသော မေးခွန်းများ" ကို ကြည့်ရှုပါ။




လူကြီးမင်း၏ နိုင်ငံသားဖြစ်တည်မှုကို ရွေးချယ်ပါ။




နေထိုင်ခွင့်ကတ် ရှိမရှိ ရွေးချယ်ပါ။




ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုမည့်နည်းလမ်းကို ရွေးချယ်ပါ။

* ဤစခရင်သည် Yucho Authentication App ကို အသုံးပြုနေချိန်တွင် မြင်ရမည့် ပုံစံဖြစ်ပါသည်။

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။

ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်းအတွက် အောက်ပါ 1 မှ 3 အနက် တစ်ခုခုဖြင့် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပါ။

1. Yucho Bankbook App သို့မဟုတ် Yucho Authentication App
2. ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း ( နေထိုင်ခွင့်ကတ် / ယာဉ်မောင်းလိုင်စင် / တစ်ဦးချင်းနံပါတ်ကတ် အနက် တစ်ခုခု)
3. မွေးသက္ကရာဇ်နှင့် ပင်နံပါတ် ရိုက်ထည့်ခြင်း

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပြီးပါက STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း ကို ဆက်လက်ရိုက်ထည့်ပါ။

# ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်း (2/2)

| STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | **STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း** | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |
|---|---|---|---|




ငွေပေးငွေယူ ပြုလုပ်ချိန်တွင် အတည်ပြုစစ်ဆေးခြင်းနှင့်ပတ်သက်၍ စစ်ဆေးပြီးနောက် Chat မှ လမ်းညွှန်ချက်အတိုင်း အလုပ်အကိုင်နှင့် အကောင့် အသုံးပြုရသည့် အဓိကရည်ရွယ်ချက် စသည်တို့ကို ရိုက်ထည့်ပါ။

* ဂျပန်ဘာသာစကားမှလွဲ၍ အခြားဘာသာစကားဖြင့် အက်ပလီကေးရှင်းကို အသုံးပြုနေလျှင်လည်း စာသားရိုက်ထည့်ရန်နေရာတွင် ဂျပန်ဘာသာဖြင့်သာ ရိုက်ထည့်ပါ။

| STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | **STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း** |
|---|---|---|---|







အတည်ပြုရမည့်အချက်များကို စစ်ဆေးပြီးနောက် လုပ်ဆောင်မည့်အကြောင်းအရာများ မှားယွင်းမှုရှိမရှိကို စစ်ဆေးပါ။ ပြင်ဆင်ရန် လိုအပ်ပါက "ပြင်ဆင်မည်" ခလုတ်ကို နှိပ်၍ ပြင်ဆင်ပါ။ အကြောင်းအရာများ မှားယွင်းမှုမရှိပါက "လျှောက်ထားခြင်း" ခလုတ်ကို ရွေးချယ်ပါ။

လုပ်ဆောင်မှု ပြီးစီးပါပြီ!

* "လူကြီးမင်းများထံ အသိပေးချက်" ပေါ်လာပါက လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ပါ။

# နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များ ကို ဖြည့်သွင်းခြင်း | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း




သင်္ကေတနံပါတ်ကို ရိုက်ထည့်ပါ။

* သင်္ကေတနံပါတ်နှင့်ပတ်သက်၍ စာမျက်နှာ 35 ရှိ "မကြာခဏ မေးလေ့ရှိသော မေးခွန်းများ" ကို ကြည့်ရှုပါ။




လူကြီးမင်း၏ နိုင်ငံသားဖြစ်တည်မှုကို ရွေးချယ်ပါ။




နေထိုင်ခွင့်ကတ် ရှိမရှိ ရွေးချယ်ပါ။

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။
နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်းတွင် နေထိုင်ခွင့်ကတ် ဖြင့် အထောက်အထား အတည်ပြုပါ။




နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်း၏ သတိပြုရန်အချက်များကို စစ်ဆေးပြီးနောက် နေထိုင်ခွင့်ကတ် အချက်အလက် စသည်တို့ကို ရိုက်ထည့်ပါ။




### ⓘ နေထိုင်ခွင့်ကတ် အချက်အလက်များကို မှန်ကန်စွာ ဖတ်ယူနိုင်ခြင်းမရှိပါက

နေထိုင်ခွင့်ကတ်မှ ဖတ်ယူထားသော အချက်အလက်များနှင့် သင် ထည့်သွင်းထားသော အချက်အလက်များ မကိုက်ညီပါက ဤအက်ပလီကေးရှင်းတွင် လုပ်ငန်းစဉ်လုပ်ဆောင်၍မရပါ။
အနီးဆုံး ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာတွင် သွားရောက်လုပ်ဆောင်ပေးပါ။

လူကြီးမင်း၏ အကောင့်အခြေအနေပေါ်မူတည်၍ နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်ခြင်းနှင့်အတူ ငွေပေးငွေယူ လုပ်ဆောင်ရသည့် ရည်ရွယ်ချက် စသည်တို့ကို တင်ပြခြင်းကိုပါ ပြုလုပ်ပေးရန် မေတ္တာရပ်ခံအပ်ပါသည်။

‹ စာမျက်နှာ 21 ရှိ STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း ကို စစ်ဆေးပြီးနောက် လုပ်ငန်းစဉ်လုပ်ဆောင်ပေးပါ။

# လိပ်စာပြောင်းလဲခြင်း

အသုံးပြုနိုင်သော ဘာသာစကားများ - အင်္ဂလိပ်နှင့် ဂျပန်ဘာသာစကားသာ

လိပ်စာပြောင်းလဲခြင်း လုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ပါသည်။
ဤအက်ပလီကေးရှင်းတွင် ပုံမှန်ငွေစုခြင်းနှင့် ပုံမှန်စုဆောင်းခြင်း/ငွေစုခြင်းများအတွက်သာ လုပ်ဆောင်နိုင်ပါသည်။

## ● လိပ်စာပြောင်းလဲနိုင်သူများ



**ယူးချောဘဏ်တွင် ပေါင်းစပ်အကောင့်ဖွင့်လှစ်ထားသော တစ်ဦးချင်းဖောက်သည်များ**

**⚠ အောက်ပါအခြေအနေများတွင် လုပ်ဆောင်၍မရပါ။**

- စီးပွားရေးလုပ်ငန်းအတွက် အကောင့်ကို အသုံးပြုနေသော တစ်ဦးချင်းဖောက်သည်များ
- ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ (ဥပဒေစည်းနှောင်မှုဖြင့်ဖွဲ့ထားခြင်းမဟုတ်သော အသင်းအဖွဲ့များ) ဖြစ်သော လူကြီးမင်းများ
- စိတ်ပိုင်းဆိုင်ရာမသန်စွမ်းမှုအုပ်ထိန်းသူစနစ်ကို အသုံးပြုနေသော လူကြီးမင်းများ
- ငွေသားဝန်ဆောင်မှုကို အသုံးမပြုသော ဖောက်သည်များ

## ● လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သောအရာများ

လိုအပ်သည့်အရာများမှာ သင်ပုံမှန်အသုံးပြုနေသော စမတ်ဖုန်းနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (နေထိုင်ခွင့်ကတ်) သာဖြစ်ပါသည်။
ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်းအဖြစ် သင့်လက်ဝယ်၌နေထိုင်ခွင့်ကတ်ကို အသင့်ပြင်ထားပါ။

**နေထိုင်ခွင့်ကတ်***



* အထူးအမြဲတမ်းနေထိုင်သူများသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း (ယာဉ်မောင်းလိုင်စင် သို့မဟုတ် တစ်ဦးချင်းနံပါတ်ကတ် တစ်ခုခု) သို့မဟုတ် Yucho Bankbook App သို့မဟုတ် Yucho Authentication App ဖြင့် လုပ်ငန်းစဉ်လုပ်ဆောင်နိုင်ပါသည်။

* မျက်နှာဓာတ်ပုံမပါသော နေထိုင်ခွင့်ကတ်များကို အသုံးပြု၍မရပါ။

Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# လိပ်စာပြောင်းလဲခြင်း

## လုပ်ငန်းစဉ်များ မစတင်မီ စစ်ဆေးရန်




အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဖွင့်ပြီးနောက် ပေါ်လာမည့် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သဘောတူရန် လိုအပ်ပါသည်။ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရွေးချယ်ပြီး အကြောင်းအရာများကို စစ်ဆေးပြီးနောက် သဘောတူနိုင်ပါက "同意する (Agree)" ခလုတ်ကို ရွေးချယ်ပါ။




အက်ပလီကေးရှင်း၏ ပင်မစခရင်တွင် "လိပ်စာနှင့် အမည်ကို ပြောင်းလဲလိုသည်" ကို ရွေးချယ်ပါ။




ကိုယ်ရေးအချက်အလက် ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖတ်ရှုစစ်ဆေးပြီးနောက် သဘောတူပါက "သဘောတူသည်" ခလုတ်ကို ရွေးချယ်ပါ။




"Change of address (လိပ်စာပြောင်းလဲခြင်း)" ကို ရွေးချယ်ပါ။

* နိုင်ငံခြားသား လူကြီးမင်းများသည် ဤအက်ပလီကေးရှင်းတွင် အမည်ပြောင်းလဲခြင်းကို လုပ်ဆောင်၍မရပါ။

# လိပ်စာပြောင်းလဲခြင်း

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိပ်စာအသစ် ဖြည့်သွင်းခြင်း




သတိပြုရန်အချက်များကို ဖတ်ရှုစစ်ဆေးပါ။
လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမပြုနိုင်သော လူကြီးမင်းများနှင့်
လိုအပ်သည့်အရာများကို ရှင်းပြထားပါသည်။

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိပ်စာအသစ် ဖြည့်သွင်းခြင်း




သင်္ကေတနံပါတ်ကို ရိုက်ထည့်ပါ။

* သင်္ကေတနံပါတ်နှင့်ပတ်သက်၍ စာမျက်နှာ 35 ရှိ "မကြာခဏ မေးလေ့ရှိသော မေးခွန်းများ" ကို ကြည့်ရှုပါ။




လူကြီးမင်း၏ နိုင်ငံသားဖြစ်တည်မှုကို ရွေးချယ်ပါ။




နေထိုင်ခွင့်ကတ် ရှိမရှိ ရွေးချယ်ပါ။

* နိုင်ငံခြားသား လူကြီးမင်းများ (အထူးအမြဲတမ်းနေထိုင်သူများမှအပ) သည် နေထိုင်ခွင့်ကတ်ဖြင့်သာ လုပ်ငန်းစဉ်လုပ်ဆောင်နိုင်ပါသည်။

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။
လိပ်စာပြောင်းလဲရန်အတွက် နေထိုင်ခွင့်ကတ် ပင်နံပါတ် ရိုက်ထည့်ခြင်းနှင့် ဖုန်းဖြင့် အတည်ပြုခြင်းတို့ဖြင့် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပါ။

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပြီးပါက STEP 3 လိပ်စာအသစ် ဖြည့်သွင်းခြင်း သို့ ဆက်သွားပါ။

Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# လိပ်စာပြောင်းလဲခြင်း

**STEP 1** သတိပြုရန်အချက်များ စစ်ဆေးခြင်း

**STEP 2** ကာယကံရှင် အတည်ပြုခြင်း

**STEP 3** လိပ်စာအသစ် ဖြည့်သွင်းခြင်း




ဖော်ပြထားသော လိပ်စာကို စစ်ဆေးပြီး ပြင်ဆင်ရန် လိုအပ်ပါက "Modify (ပြင်ဆင်မည်)" ခလုတ်ကို နှိပ်၍ ပြင်ဆင်ပါ။




အချက်အလက်များ မှားယွင်းမှုမရှိပါက "Register (မှတ်ပုံတင်မည်)" ကို ရွေးချယ်ပါ။




လုပ်ဆောင်မှု ပြီးစီးပါပြီ!

* "လူကြီးမင်းများထံ အသိပေးချက်" ပေါ်လာပါက လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ပါ။

## ⓘ လိပ်စာကို မှန်ကန်စွာ ဖတ်ယူနိုင်ခြင်း မရှိသောအခါ




စာတိုက်ကုဒ်ကို ရိုက်ထည့်ပါ။

* စာတိုက်ကုဒ်ကို မသိပါက "I don't know my zip code (စာတိုက်ကုဒ်ကို မသိပါ)" ကို ရွေးချယ်ပြီး Chat မှ လမ်းညွှန်ချက်အတိုင်း လိပ်စာကို ရွေးချယ်ပါ။




ရိုက်ထည့်လိုက်သော စာတိုက်ကုဒ်အပေါ် မူတည်၍ ခရိုင်မှ ရပ်ကွက်/ကျေးရွာ အထိ ပေါ်လာမည်ဖြစ်သဖြင့် ရွေးချယ်ပေးပါ။




"ရပ်ကွက်နံပါတ်နှင့် အခန်းနံပါတ်"၊ "အခန်းနံပါတ်" ကို ရိုက်ထည့်ပါ။ အခန်းနံပါတ်မရှိပါက "No room number (အခန်းနံပါတ်မရှိပါ)" ကို ရွေးချယ်ပြီး နောက်ထပ်စခရင်သို့ ဆက်သွားပါ။

* အဆောက်အဦအမည်မပါဘဲ စာတိုက်မှစာများ မရောက်နိုင်ပါက အဆောက်အဦအမည်ကို ရိုက်ထည့်ပါ။

### ? "Translate into Japanese" ကို ရွေးချယ်ပါက ခရိုင်မှ ရပ်ကွက်/ကျေးရွာ အထိ ဂျပန်ဘာသာသို့ ပြောင်းလဲသွားမည်ဖြစ်ပါသည်။

* ဂျပန်ဘာသာစကားမဟုတ်သည့် အခြားဘာသာစကားဖြင့် လုပ်ဆောင်နေမှသာ ပေါ်လာမည်ဖြစ်ပါသည်။



## Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

# ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း

အသုံးပြုနိုင်သော ဘာသာစကားများ - အင်္ဂလိပ်နှင့် ဂျပန်ဘာသာစကားသာ

ငွေသားကတ် လော့ခ်ကျနေသည်ကိုလည်း ဖြည်နိုင်သောကြောင့်
ပြန်လည်မှတ်ပုံတင်ပြီးနောက် ပင်နံပါတ်အသစ်ဖြင့် ချက်ချင်းအသုံးပြုနိုင်ပါသည်။

### ● ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း ပြုလုပ်နိုင်သူများ



**ယူးချောဘဏ်တွင် ပေါင်းစပ်အကောင့်ဖွင့်လှစ်ထားသော တစ်ဦးချင်းဖောက်သည်များ**

**⚠ အောက်ပါအခြေအနေများတွင် လုပ်ဆောင်၍မရပါ။**

- စီးပွားရေးလုပ်ငန်းအတွက် အကောင့်ကို အသုံးပြုနေသော တစ်ဦးချင်းဖောက်သည်များ
- ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ (ဥပဒေစည်းနှောင်မှုဖြင့်ဖွဲ့ထားခြင်းမဟုတ်သော အသင်းအဖွဲ့များ) ဖြစ်သော လူကြီးမင်းများ
- စိတ်ပိုင်းဆိုင်ရာမသန်စွမ်းမှုအုပ်ထိန်းသူစနစ်ကို အသုံးပြုနေသော လူကြီးမင်းများ
- ငွေသားဝန်ဆောင်မှုကို အသုံးမပြုသော ဖောက်သည်များ
- ပျောက်ဆုံးခြင်း သို့မဟုတ် ခိုးယူခံရခြင်းကြောင့် ငွေသားကတ်ဖြင့် ငွေပေးငွေယူလုပ်ဆောင်ခြင်းကို ရပ်ဆိုင်းထားသော လူကြီးမင်းများ

### ● လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သောအရာများ

လိုအပ်သည့်အရာများမှာ ပုံမှန်အသုံးပြုနေသော စမတ်ဖုန်းနှင့် အောက်ပါ ① သို့မဟုတ် ② ထဲမှ တစ်ခုခုဖြစ်ပါသည်။

**①**

**Yucho Bankbook App**
**သို့မဟုတ်**
**Yucho Authentication App**

**②**

**ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း**
**(နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်* အနက်မှ တစ်ခုခု)**



* ဤအက်ပလီကေးရှင်းရှိ လုပ်ဆောင်ချက်များတွင် ကျွန်ုပ်တို့ဘဏ်အနေဖြင့် တစ်ဦးချင်းနံပါတ်ကို ရယူမည်မဟုတ်ပါ။

# ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း

## လုပ်ငန်းစဉ်များ မစတင်မီ စစ်ဆေးရန်




အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဖွင့်ပြီးနောက် ပေါ်လာမည့် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သဘောတူရန် လိုအပ်ပါသည်။ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရွေးချယ်ပြီး အကြောင်းအရာများကို စစ်ဆေးပြီးနောက် သဘောတူနိုင်ပါက "同意する (Agree)" ခလုတ်ကို ရွေးချယ်ပါ။




အက်ပလီကေးရှင်း၏ ပင်မစခရင်တွင် "လျှို့ဝှက်နံပါတ်ကို ပြန်လည်မှတ်ပုံတင်လိုသည်" ကို ရွေးချယ်ပါ။




ကိုယ်ရေးအချက်အလက် ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖတ်ရှုစစ်ဆေးပြီးနောက် သဘောတူပါက "သဘောတူသည်" ခလုတ်ကို ရွေးချယ်ပါ။




လုပ်ငန်းစဉ်လုပ်ဆောင်မှုအဆင့်ဆင့်ကို ဖတ်ရှုစစ်ဆေးပြီးနောက် "Close (ပိတ်မည်)" ခလုတ်ကို ရွေးချယ်ပါ။

Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 ပင်နံပါတ်အသစ် ဖြည့်သွင်းခြင်း




သတိပြုရန်အချက်များကို ဖတ်ရှုစစ်ဆေးပါ။ လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမပြုနိုင်သော လူကြီးမင်းများနှင့် လိုအပ်သော စာရွက်စာတမ်းများအကြောင်းကို ရှင်းပြထားပါသည်။

### ⚠ ကျေးဇူးပြု၍ သတိပြုပါ (ဘဏ်စာအုပ်၏ ပင်နံပါတ်နှင့်စပ်လျဉ်း၍)

ပင်နံပါတ်ကို သတ်မှတ်ထားသော အကြိမ်အရေအတွက်ထက် ပို၍ မှားယွင်းစွာ ရိုက်ထည့်မိသဖြင့် ဘဏ်စာအုပ်ကို လော့ခ်ချခံထားရပါက ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း ပြုလုပ်ပြီးနောက်တွင်လည်း အလိုအလျောက် လော့ခ်ပွင့်သွားမည် မဟုတ်ပါ။
လော့ခ်ဖြည်ရန်အတွက် နီးစပ်ရာ ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာတွင် သီးခြားသွားရောက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 ပင်နံပါတ်အသစ် ဖြည့်သွင်းခြင်း




ပင်နံပါတ်ကို အသစ်ပြန်လည်မှတ်ပုံတင်မည့် ငွေသားကတ် အမျိုးအစားကို ရွေးချယ်ပါ။




သင်္ကေတနံပါတ်ကို ရိုက်ထည့်ပါ။

* သင်္ကေတနံပါတ်နှင့်ပတ်သက်၍ စာမျက်နှာ 35 ရှိ "မကြာခဏမေးလေ့ရှိသော မေးခွန်းများ" ကို ကြည့်ရှုပါ။




ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုမည့်နည်းလမ်းကို ရွေးချယ်ပါ။

* ဤစခရင်သည် Yucho Authentication App ကို အသုံးပြုနေချိန်တွင် မြင်ရမည့် ပုံစံဖြစ်ပါသည်။




"Use a personal identification document (ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံ စာရွက်စာတမ်းကို အသုံးပြုမည်)" ကို ရွေးချယ်ထားပါက အသုံးပြုမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံ စာရွက်စာတမ်းကို ရွေးချယ်ပြီး အက်ပလီကေးရှင်းဖြင့် ဖတ်ယူရပါမည်။

### ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။

ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်းအတွက် အောက်ပါ ❶ သို့မဟုတ် ❷ တစ်ခုခုဖြင့် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပါ။

❶ Yucho Bankbook App သို့မဟုတ် Yucho Authentication App

❷ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း ( နေထိုင်ခွင့်ကတ် / ယာဉ်မောင်းလိုင်စင် / တစ်ဦးချင်းနံပါတ်ကတ် ) အနက် တစ်ခုခု)

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပြီးပါက STEP 3 ပင်နံပါတ်အသစ် ဖြည့်သွင်းခြင်း သို့ ဆက်သွားပါ။ ›

# ပင်နံပါတ် ပြန်လည်မှတ်ပုံတင်ခြင်း

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း

STEP 2 ကာယကံရှင် အတည်ပြုခြင်း

STEP 3 ပင်နံပါတ်အသစ် ဖြည့်သွင်းခြင်း

1




အသစ်မှတ်ပုံတင်မည့် ဂဏန်း 4 လုံးပါ ပင်နံပါတ်ကို ရိုက်ထည့်ပါ။

* မွေးသက္ကရာဇ် သို့မဟုတ် ဆက်တိုက်ဂဏန်းများကဲ့သို့သော အလွယ်တကူ ခန့်မှန်းနိုင်သော ဂဏန်းများကို အသုံးပြု၍ မရပါ။

2




လုပ်ဆောင်မှု ပြီးစီးပါပြီ! ပင်နံပါတ်ကို ဂရုတစိုက် ကိုင်တွယ်အသုံးပြုပါ။

* "လူကြီးမင်းများထံ အသိပေးချက်" ပေါ်လာပါက လမ်းညွှန်ချက်အတိုင်း လုပ်ဆောင်ပါ။

## Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း

အသုံးပြုနိုင်သော ဘာသာစကားများ - အင်္ဂလိပ်နှင့် ဂျပန်ဘာသာစကားသာ

ပျောက်ဆုံးသွားသည့်အခါမျိုးတွင် ဘဏ်စာအုပ်နှင့် ကတ်ကို အသစ်ပြန်လည်ထုတ်ယူရန် လုပ်ဆောင်နိုင်ပါသည်။
ပုံမှန်ငွေစုခြင်းနှင့် ပုံမှန်စုဆောင်းခြင်း/ငွေစုခြင်းများအတွက် အကျုံးဝင်ပါသည်။
ငွေသားကတ်ကို သံလိုက်ကတ်မှ IC ကတ်သို့ ပြောင်းလဲ (အသစ်လဲလှယ်) သည့် လုပ်ငန်းစဉ်လည်း လုပ်ဆောင်နိုင်ပါသည်။

* လျှောက်ထားသည့် အချက်အလက်များကို စီမံဆောင်ရွက်မှု ပံ့ပိုးရေး စင်တာမှ စစ်ဆေးအတည်ပြုပါမည်။ လျှောက်ထားသည့် အချက်အလက်များတွင် လိုအပ်ချက်များရှိပါက ရိုက်ထည့်ထားသော အီးမေးလ်လိပ်စာသို့ ဆက်သွယ်ပါမည်။

* ပြန်လည်ထုတ်ယူရသည့် အကြောင်းရင်းပေါ် မူတည်၍ သတ်မှတ်ထားသော ဝန်ဆောင်ခကို ကောက်ခံပါမည် (လျှောက်ထားပြီးနောက်မှစ၍ ပြန်လည်ထုတ်ပေးသည့်အချိန်အတွင်း အကောင့်ထဲမှ ဖြတ်တောက်ပါမည်)။

* ပြန်လည်ထုတ်ပေးထားသော ဘဏ်စာအုပ်နှင့် ကတ်ကို အကောင့်တွင် မှတ်ပုံတင်ထားသော လိပ်စာသို့ စာတိုက်မှတစ်ဆင့် ပေးပို့ပါမည်။ ထို့ကြောင့် မှတ်ပုံတင်ထားသောလိပ်စာသည် လက်ရှိလိပ်စာမဟုတ်ပါက ဤအက်ပလီကေးရှင်းတွင် လိပ်စာပြောင်းလဲခြင်းကို ပြုလုပ်ပြီးမှ ပြန်လည်ထုတ်ပေးရန် လျှောက်ထားပါ။ (စာမျက်နှာ 23 ကို ကြည့်ပါ)။

### ⚠ ပျောက်ဆုံး/ခိုးယူခံရပါက အကြောင်းကြားပေးရန် မေတ္တာရပ်ခံခြင်း

ပျောက်ဆုံး/အခိုးခံရမှုကြောင့် ပြန်လည်ထုတ်ပေးရန် လျှောက်ထားမည်ဆိုပါက ပျောက်ဆုံး/အခိုးခံရမှု လက်ခံသည့် ဝန်ဆောင်မှု (WEB ဖောင်) သို့မဟုတ် အောက်ပါ ဆက်သွယ်ရန်သို့ ကြိုတင်ဆက်သွယ်ပေးပါ။

**ပျောက်ဆုံး/အခိုးခံရမှု လက်ခံသည့် ဝန်ဆောင်မှု**
(WEB ဖောင်)

**ဆက်သွယ်ရန်** (တစ်နှစ်ပတ်လုံးပိတ်ရက်မရှိ၊ 24 နာရီ လက်ခံပါသည်)
**ကတ်ပျောက်ဆုံးမှုစင်တာ - 0120-794-889** (ဖုန်းခေါ်ဆိုခ အခမဲ့)
ပြည်ပမှ ခေါ်ဆိုမည်ဆိုပါက - 045-279-6201 (ဖုန်းခေါ်ဆိုခ ကျသင့်မည်)

## ● ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း အတွက် လျှောက်ထားနိုင်သူများ

**ယူးချောဘဏ်တွင် ပေါင်းစပ်အကောင့် ဖွင့်လှစ်ထားသော တစ်ဦးချင်းဖောက်သည်များ**

### ⚠ အောက်ပါအခြေအနေများတွင် လုပ်ဆောင်၍မရပါ။

- စီးပွားရေးလုပ်ငန်းအတွက် အကောင့်ကို အသုံးပြုနေသော တစ်ဦးချင်းဖောက်သည်များ
- ကော်ပိုရေးရှင်းနှင့် အဖွဲ့အစည်းများ (ဥပဒေစည်းနှောင်မှုဖြင့်ဖွဲ့ထားခြင်းမဟုတ်သော အသင်းအဖွဲ့များ) ဖြစ်သော လူကြီးမင်းများ
- စိတ်ပိုင်းဆိုင်ရာမသန်စွမ်းမှုအုပ်ထိန်းသူစနစ်ကို အသုံးပြုနေသော လူကြီးမင်းများ
- မျက်မမြင်စာ ဝန်ဆောင်မှုကို အသုံးပြုသူများ
- အီးမေးလ်လိပ်စာ မရှိသူများ
- ငွေသားဝန်ဆောင်မှုကို အသုံးမပြုသော ဖောက်သည်များ

## ● လုပ်ငန်းစဉ်ဆောင်ရွက်ရန် လိုအပ်သောအရာများ

လိုအပ်သည်များမှာ မိမိပုံမှန်အသုံးပြုနေသော စမတ်ဖုန်းနှင့် အောက်ပါ ❶ သို့မဟုတ် ❷ အနက်မှ တစ်ခုခုနှင့် အီးမေးလ်လိပ်စာတို့ ဖြစ်ပါသည်။

❶ **Yucho Bankbook App**
သို့မဟုတ်
**Yucho Authentication App**

ゆうちょ認証

❷ **ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း**
(နေထိုင်ခွင့်ကတ်၊ ယာဉ်မောင်းလိုင်စင်၊ တစ်ဦးချင်းနံပါတ်ကတ်* အနက်မှ တစ်ခုခု)

\+

**အီးမေးလ်လိပ်စာ**

* ဤအက်ပလီကေးရှင်းရှိ လုပ်ဆောင်ချက်များတွင် ကျွန်ုပ်တို့ဘဏ်အနေဖြင့် တစ်ဦးချင်းနံပါတ်ကို ရယူမည်မဟုတ်ပါ။

# ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း

## လုပ်ငန်းစဉ်များ မစတင်မီ စစ်ဆေးရန်




အက်ပလီကေးရှင်းကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဖွင့်ပြီးနောက် ပေါ်လာမည့် အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို သဘောတူရန် လိုအပ်ပါသည်။ အသုံးပြုခြင်းဆိုင်ရာ စည်းကမ်းချက်များကို ရွေးချယ်ပြီး အကြောင်းအရာများကို စစ်ဆေးပြီးနောက် သဘောတူနိုင်ပါက "同意する (Agree)" ခလုတ်ကို ရွေးချယ်ပါ။




အက်ပလီကေးရှင်း၏ ပင်မစခရင်တွင် "ဘဏ်စာအုပ်နှင့် ကတ်ကို ပြန်လည်ထုတ်လိုသည်" ကို ရွေးချယ်ပါ။




ကိုယ်ရေးအချက်အလက် ကိုင်တွယ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ဖတ်ရှုစစ်ဆေးပြီးနောက် သဘောတူပါက "သဘောတူသည်" ခလုတ်ကို ရွေးချယ်ပါ။




လုပ်ငန်းစဉ်လုပ်ဆောင်မှုအဆင့်ဆင့်ကို ဖတ်ရှုစစ်ဆေးပြီးနောက် "Close (ပိတ်မည်)" ခလုတ်ကို ရွေးချယ်ပါ။

Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း

| STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |
|---|---|---|---|

**1**




သတိပြုရန်အချက်များကို ဖတ်ရှုစစ်ဆေးပါ။ လုပ်ငန်းစဉ် ဆောင်ရွက်ခြင်းမပြုနိုင်သော လူကြီးမင်းများအကြောင်းနှင့် ပြန်လည်ထုတ်ပေးသည့် ဝန်ဆောင်ခများအကြောင်းကို ရှင်းပြထားပါသည်။

**2**




ပြန်လည်ထုတ်ယူလိုသည့် အမျိုးအစားကို ရွေးချယ်ပါ။ ငွေသားကတ်ကို ပြန်လည်ထုတ်ယူမည်ဆိုပါက မိမိ၏ကတ် သို့မဟုတ် ကိုယ်စားလှယ်ကတ်ကို ရွေးချယ်ပါ။

| STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း |
|---|---|---|---|

**1**




Chat မှ လမ်းညွှန်ချက်အတိုင်း သင်္ကေတနံပါတ်ကို ရိုက်ထည့်ပါ။

* သင်္ကေတနံပါတ်နှင့်ပတ်သက်၍ စာမျက်နှာ 35 ရှိ "မကြာခဏ မေးလေ့ရှိသော မေးခွန်းများ" ကို ကြည့်ရှုပါ။

**2**




ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုမည့်နည်းလမ်းကို ရွေးချယ်ပါ။

* ဤပုံသည် Yucho Authentication App ကို အသုံးပြုနေချိန်တွင် မြင်ရမည့် ပုံစံဖြစ်ပါသည်။

**3**




"Use a personal identification document (ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံ စာရွက်စာတမ်းကို အသုံးပြုမည်)" ကို ရွေးချယ်ထားပါက အသုံးပြုမည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်းကို ရွေးချယ်ပြီး အက်ပလီကေးရှင်းဖြင့် ဖတ်ယူရပါမည်။

## ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍

အသေးစိတ် လုပ်ဆောင်ရမည့်အဆင့်များအတွက် စာမျက်နှာ 4 မှ 9 ရှိ "ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုခြင်းနှင့်စပ်လျဉ်း၍" ကို ကြည့်ပါ။

ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်းအတွက် အောက်ပါ ❶ သို့မဟုတ် ❷ အနက်မှ တစ်ခုခုဖြင့် ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပါ။

❶ Yucho Bankbook App သို့မဟုတ် Yucho Authentication App

❷ ပုဂ္ဂိုလ်ရေးဆိုင်ရာ သက်သေခံစာရွက်စာတမ်း ( နေထိုင်ခွင့်ကတ် ) ( ယာဉ်မောင်းလိုင်စင် ) ( တစ်ဦးချင်းနံပါတ်ကတ် ) အနက်မှ တစ်ခုခု) နှင့် ပင်နံပါတ် ရိုက်ထည့်ခြင်း

ပုဂ္ဂိုလ်ရေးအထောက်အထား အတည်ပြုပြီးပါက STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း သို့ ဆက်သွားပါ။

## Yucho Tetsuzuki App ဖြင့် လုပ်ဆောင်နိုင်သည့်အရာများ

နိုင်ငံခြားသားများအတွက်

# ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်း

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | **STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း** | STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း




ပြန်လည်ထုတ်ယူရသည့် အကြောင်းရင်းကို ဖြေဆိုပါ သို့မဟုတ် စစ်ဆေးပါ။




ချောစာပေးပို့ရမည့်လိပ်စာ (အကောင့်လိပ်စာ) မှန်ကန်မှုရှိမရှိ စစ်ဆေးပါ။ အမှားပါရှိပါက ပြန်လည်ထုတ်ပေးရန် လုပ်ဆောင်နိုင်မည် မဟုတ်သဖြင့် ဤအက်ပလီကေးရှင်းတွင် လက်ရှိလိပ်စာသို့ ပြောင်းလဲပါ။




နေ့ခင်းဘက်တွင် ဆက်သွယ်နိုင်သော ဖုန်းနံပါတ်ကို ရိုက်ထည့်ပါ။

STEP 1 သတိပြုရန်အချက်များ စစ်ဆေးခြင်း | STEP 2 ကာယကံရှင် အတည်ပြုခြင်း | STEP 3 လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းခြင်း | **STEP 4 လုပ်ငန်းစဉ်အကြောင်းအရာ အတည်ပြုခြင်း**




လုပ်ဆောင်မည့် အကြောင်းအရာများ မှန်ကန်မှုရှိမရှိ စစ်ဆေးပါ။




လျှောက်ထားသည့် အချက်အလက်များတွင် မပြည့်စုံမှုများရှိပါက ဆက်သွယ်ရန်အတွက် အီးမေးလ်လိပ်စာကို ရိုက်ထည့်ပါ။

* အချက်အလက်များ ပြည့်စုံပြီး ပြန်လည်ထုတ်ပေးခြင်း ပြီးစီးပါက အီးမေးလ် ပေးပို့မည် မဟုတ်ပါ။




ရိုက်ထည့်ထားသော အီးမေးလ်လိပ်စာသို့ အတည်ပြုနံပါတ် ရောက်ရှိလာပါမည်။ အက်ပလီကေးရှင်းတွင် ရိုက်ထည့်ပါ။




လျှောက်ထားမှု ပြီးမြောက်ပါပြီ! စခရင်ပေါ်တွင် ပြသထားသော ပြေစာနံပါတ်ကို မဖြစ်မနေ မှတ်သားထားပါ။

* ပြန်လည်ထုတ်ပေးရန်အတွက် အများဆုံး 2 ပတ်ခန့် ကြာနိုင်ပါသည်။

* ပြန်လည်ထုတ်ပေးထားသော ဘဏ်စာအုပ်နှင့် ငွေသားကတ်များကို အကောင့်တွင် မှတ်ပုံတင်ထားသော လိပ်စာသို့ ထပ်ဆင့်လွှဲပြောင်းပေးပို့ခြင်းမပြုဘဲ မှတ်ပုံတင်ချောစာဖြင့် ပေးပို့ပါမည်။

## အခက်အခဲရှိသူများအတွက်

# မကြာခဏမေးလေ့ရှိသော မေးခွန်းများ

Yucho Tetsuzuki App ကို အသုံးပြုရာတွင် အခက်အခဲများရှိပါက ဝက်ဘ်ဆိုက်ရှိ မကြာခဏမေးလေ့ရှိသော မေးခွန်းများ စသည်တို့ကို ဝင်ရောက်ကြည့်ရှုပါ။

### မေး အကောင့်နံပါတ်ကို မည်သည့်နေရာ၌ ကြည့်ရှုနိုင်ပါသနည်း။

အကောင့်နံပါတ်ဆိုသည်မှာ သင်္ကေတစာလုံး 5 လုံးနှင့် နံပါတ်ဂဏန်း 8 လုံး (အများဆုံး) ပါဝင်သော ဂဏန်းများဖြစ်ပါသည်။ ဘဏ်စာအုပ် သို့မဟုတ် ငွေသားကတ်တွင် ကြည့်ရှုနိုင်ပါသည်။

ဘဏ်စာအုပ်




ငွေသားကတ်




### မေး Yucho Tetsuzuki App တွင် အကောင့်ဖွင့်ခြင်း ပြုလုပ်ရာတွင် အလုပ်လုပ်ကိုင်ကြောင်း အတည်ပြုစာရွက်စာတမ်းအဖြစ် "ဝန်ထမ်း/ကျောင်းသားဖြစ်ကြောင်း ထောက်ခံစာ" ကို ဓာတ်ပုံရိုက်ရသော်လည်း စာမျက်နှာများစွာရှိနေသောကြောင့် ဓာတ်ပုံရိုက်၍မရပါ။ မည်သို့ လုပ်ဆောင်ရမည်နည်း။

Yucho Tetsuzuki App တွင် အကောင့်ဖွင့်ခြင်း ပြုလုပ်ရာတွင် အလုပ်လုပ်ကိုင်ကြောင်း အတည်ပြုစာရွက်စာတမ်း၏ 1 မျက်နှာတည်းကိုသာ ဓာတ်ပုံရိုက်နိုင်ပါသည်။

စာမျက်နှာများစွာကို ဓာတ်ပုံရိုက်ရန် လိုအပ်ပါက ကျေးဇူးပြု၍ ယူးချောဘဏ် ဝက်ဘ်ဆိုက်တွင် တင်ထားသော "အလုပ်လုပ်ကိုင်ကြောင်း/ကျောင်းတက်နေကြောင်း ထောက်ခံစာ ပုံစံ" ကို ပရင့်ထုတ်ပြီး ဖြည့်စွက်ပြီးမှ ဓာတ်ပုံရိုက်ပါ (အလုပ်ရှင် သို့မဟုတ် ကျောင်းမှ တာဝန်ရှိသူက ဖြည့်စွက်ပေးရန် လိုအပ်ပါသည်)။

### မေး Yucho Tetsuzuki App ဖြင့် ကလေးအတွက် အကောင့်ဖွင့်ခြင်းကို လုပ်ဆောင်နိုင်ပါသလား။

အကောင့်ပိုင်ရှင် (ကလေး) နှင့် ကိုယ်စားလှယ် (မိဘ/အုပ်ထိန်းသူ) နှစ်ဦးစလုံးသည် ဂျပန်နိုင်ငံသားဖြစ်မှသာလျှင် Yucho Tetsuzuki App ဖြင့် ကလေးအတွက် အကောင့်ဖွင့်ခြင်းကို လုပ်ဆောင်နိုင်ပါသည်။ ဂျပန်နိုင်ငံသားမဟုတ်သော လူကြီးမင်းများအနေဖြင့် နေထိုင်ခွင့်ကတ်ကို စစ်ဆေးရန် လိုအပ်သောကြောင့် ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာတွင် လုပ်ဆောင်ပေးပါ။

### မေး Yucho Tetsuzuki App တွင် နေထိုင်ခွင့်ကတ်ကို ဖတ်ယူပြီးနောက် "ဤနေထိုင်ခွင့်ကတ်ဖြင့် ဤအက်ပလီကေးရှင်းကို အသုံးပြု၍မရပါ" ဟု ပေါ်လာပြီး နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်သည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်၍မရပါ။ မည်သို့ လုပ်ဆောင်ရမည်နည်း။

လိုအပ်သော အချက်အလက်များကို ဖတ်ယူ၍မရခြင်းစသည့် အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။

နေထိုင်ခွင့်ကတ်ကို ထပ်မံဖတ်ယူသော်လည်း အဆင်မပြေပါက ကျေးဇူးပြု၍ နီးစပ်ရာ ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာတွင် သွားရောက်လုပ်ဆောင်ပါ။

# မကြာခဏမေးလေ့ရှိသော မေးခွန်းများ

## မေး Yucho Tetsuzuki App ဖြင့် နေထိုင်ခွင့်ကာလကဲ့သို့သော အချက်အလက်များကို အပ်ဒိတ်လုပ်သည့် လုပ်ငန်းစဉ်ကို လုပ်ဆောင်ပါက အကောင့်ကို ချက်ချင်း အသုံးပြုနိုင်မည်လား။

Yucho Tetsuzuki App ဖြင့် လုပ်ငန်းစဉ်များ လုပ်ဆောင်ပြီးနောက် အကောင့်အသုံးပြုမှု ကန့်သတ်ချက် * ကို ချက်ချင်း ပယ်ဖျက်ပေးမည် ဖြစ်ပါသည်။

* နေထိုင်ခွင့်ကတ်နှင့် နေထိုင်ခွင့်ကာလဆိုင်ရာ အချက်အလက်များ အပ်ဒိတ်လုပ်ခြင်း မပြီးဆုံးသေးသောကြောင့် အသုံးပြုမှု ကန့်သတ်ထားသည့် ကိစ္စများတွင်သာ အကျုံးဝင်ပါသည်။ အခြားအကြောင်းရင်းများကြောင့် အကောင့်ဖြင့် ငွေပေးငွေယူများ မပြုလုပ်နိုင်ပါက ယူးချောဘဏ် သို့မဟုတ် စာတိုက် စုဆောင်းငွေ ကောင်တာသို့ ဆက်သွယ်တိုင်ပင်ပါ။ ထို့အပြင် နေထိုင်ခွင့်ကတ်နှင့် နေထိုင်ခွင့်ကာလ အချက်အလက် အပ်ဒိတ်လုပ်ခြင်းနှင့် ပတ်သက်သည့် မက်ဆေ့ချ်သည်လည်း ချက်ချင်း ပျောက်သွားပါမည်။

အသေးစိတ် လုပ်ဆောင်ရမည့် နည်းလမ်းများကို
နေထိုင်ခွင့်ကတ်နှင့် နေထိုင်ခွင့်ကာလ အချက်အလက် အပ်ဒိတ်လုပ်ခြင်းနှင့် ပတ်သက်သည့် လမ်းညွှန်ချက်ကို ကြည့်ရှုပြီးသော လူကြီးမင်းများသို့ကို ဝင်ရောက်ကြည့်ရှုပါ။

## မေး Yucho Tetsuzuki App ဖြင့် ဘဏ်စာအုပ်နှင့် ကတ် ထပ်မံထုတ်ယူခြင်းကို လုပ်ဆောင်ခဲ့ပါသည်။ ပြန်လည်ထုတ်ပေးသည့် ဝန်ဆောင်ခကို အကောင့်ထဲမှ မည်သည့်အချိန်တွင် နုတ်ယူမည်နည်း။

ပြန်လည်ထုတ်ပေးသည့် ဝန်ဆောင်ခကို လျှောက်ထားပြီးနောက်မှ ပြန်လည်ထုတ်ပေးမည့် အချိန်မတိုင်မီအတွင်း အကောင့်ထဲမှ နုတ်ယူသွားပါမည်။
အကောင့်ထဲတွင် ငွေလက်ကျန် မလုံလောက်မှု မဖြစ်စေရန် သတိပြုပါ။

## မေး ယူးချောဘဏ် သို့မဟုတ် စာတိုက်တွင် Yucho Tetsuzuki App ဖြင့် လုပ်ဆောင်ရာ၌ ဘဏ်ခွဲကုဒ်နံပါတ်ကို ထည့်သွင်းရန် မိတ်ဆက်ပေးခံခဲ့ရပါသည်။ မည်သည့်နေရာ၌ ရိုက်ထည့်ရပါမည်နည်း။

"ယူးချောဘဏ် သို့မဟုတ် စာတိုက်တွင် ဤအက်ပ်ကို မိတ်ဆက်ပေးခဲ့ပါက မိတ်ဆက်ပေးခဲ့သော ဘဏ်ခွဲကုဒ်နံပါတ်ကို ရိုက်ထည့်ပါ" ဟူသော Chat နှင့် အဖြေထည့်ရန်အကွက် ပေါ်လာပါမည်။ အဖြေထည့်ရန်အကွက်တွင် ဘဏ်ခွဲကုဒ်နံပါတ် (ဂဏန်း 5 လုံး သို့မဟုတ် 6 လုံး) ကို ရိုက်ထည့်ပါ။

* မိတ်ဆက်ပေးထားခြင်းမရှိပါက "မိတ်ဆက်ပေးထားခြင်းမရှိ" ကို ရွေးချယ်ပါ။

ရိုက်ထည့်ရမည့်စခရင်




* အကောင့်ဖွင့်ခြင်း ပြုလုပ်စဉ် ပြသသည့် စခရင်ဖြစ်ပါသည်။

# အခက်အခဲရှိသူများအတွက် စုံစမ်းမေးမြန်းရန်

## အခက်အခဲတစ်စုံတစ်ရာရှိပါက ဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုပါ။

### ယူးချောဘဏ် ဝဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုပါ။

Yucho Tetsuzuki App အသုံးပြုပုံစသည်တို့ဖြင့် မိတ်ဆက်ပေးထားပါသည်။

အသေးစိတ် အသုံးပြုပုံနှင့် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအကြောင်းကို ရှင်းပြထားပါသည်!

**လမ်းညွှန်စာအုပ်များကို** ဘာသာစကားမျိုးစုံဖြင့် **ပြင်ဆင်ပေးထားပါသည်။**

ယူးချောဘဏ် ဝက်ဘ်ဆိုက်

အခက်အခဲတစ်စုံတစ်ရာရှိပါက

**မကြာခဏမေးလေ့ရှိသော မေးခွန်းများတွင် သော့ချက်စာလုံးဖြင့် ရှာဖွေခြင်း**

キーワードを入力 | 検索

24 နာရီ အချိန်မရွေး၊

**Chat ဖြင့် စုံစမ်းမေးမြန်းရန်**

ဝက်ဘ်ဆိုက်အတွင်းရှိ ခလုတ်ကို ရွေးချယ်ပါ ›

チャットで質問する(chatbot)

## Yucho Tetsuzuki App နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းရန်

**ယူးချောအက်ပလီကူညီပံ့ပိုးရေးကောင်တာ** <ဖုန်းခေါ်ဆိုခ အခမဲ့>

# 0120-210-765

**[လက်ခံသည့်အချိန်]** ယူးချောဘဏ် ဝက်ဘ်ဆိုက်ရှိ စုံစမ်းမေးမြန်းရန်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုပါ။

**အလိုအလျောက် အသံလမ်းညွှန်အတိုင်း “3” Yucho Tetsuzuki App ခလုတ်ကို နှိပ်ပါ။ အသံလမ်းညွှန်ပေးနေစဉ်အတွင်းလည်း ရွေးချယ်နိုင်ပါသည်။**

* မိုဘိုင်းဖုန်းစသည်တို့မှလည်း အခမဲ့ ခေါ်ဆိုနိုင်ပါသည်။ * IP ဖုန်းစသည်တို့မှတစ်ဆင့် ခေါ်ဆို၍မရနိုင်သော အခြေအနေများလည်း ရှိနိုင်ပါသည်။
* ဖုန်းနံပါတ်မပေါ်အောင် လုပ်ထားသူများအနေဖြင့် အထက်ပါဖုန်းနံပါတ်ရှေ့တွင် 186 ကို ထည့်၍ ခေါ်ဆိုပါ။
* ဂျပန်ဘာသာဖြင့်သာ ဝန်ဆောင်မှုပေးပါသည်။ ဂျပန်စကား မပြောတတ်ပါက ဂျပန်စကားပြောတတ်သူနှင့်အတူ ဆက်သွယ်ပေးပါ။

---

ယူးချောဘဏ်၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများအကြောင်းကို “ယူးချောဘဏ် ဝက်ဘ်ဆိုက်” တွင် ဝင်ရောက်ကြည့်ရှုပါ။

**https://www.jp-bank.japanpost.jp/**

စာတိုက်များသည် ယူးချောဘဏ်၏ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသည့် ဘဏ်ကိုယ်စားလှယ်များ ဖြစ်ပါသည်။